ပုံစံ(၁၁)

စာအမှတ်............
ရက်စွဲ............
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၆၉/၂၀၁၆)

| | |
|---|---|
| Mr.Cao Haidong (ပိုင်ရှင်)<br>Mr.Gu Weidong (GM)(အလုပ်ရှင်၏အထူး ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>NEXSTAR GARMENT Manufacturing Co.,Ltd ၊အမှတ်-၁၂၇၊ သံချပ်ဝန်ဦးညွန့်လမ်း၊ စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်နှင်းလဲ့သူ<br>သဇင်လမ်း၊ ညောင်ရွာ၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ လ ၂၈ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၁)၊ သံချပ်ဝန်ဦးညွန့်လမ်း၊ အမှတ်-၁၂၇ ရှိ Mr.Cao Haidong(ပိုင်ရှင်)၊ Mr.Gu Weidong (GM) ပိုင်ဆိုင်သော NEXSTAR GARMENT Manufacturing Co.,Ltd နှင့် အလုပ်သမား ဒေါ်နှင်းလဲ့သူတို့ အကြားဖြစ်ပွားကြသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်း

ဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၉၄/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဩဂုတ် လ ၃၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဒေါ်နှင်းလဲ့သူမှ တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက် (၁) ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်မှရပ်စဲခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်နှင်းလဲ့သူအား ဆုံးဖြတ်ချမှတ်သည့်နေ့မှစ၍ ၇ ရက်အတွင်း မူလရာထူး၊ မူလလစာ၊ မူလနေရာ၊ မူလပေါ်ပေါက်ခံစားခွင့်များ မပျက်ဖြင့် အလုပ်ပြန်လည်ခန့်အပ်ရန်နှင့် ကြားကာလနစ်နာကြေးအား အလုပ်မှရပ်စဲခံရသည့်နေ့မှစ၍ အလုပ်ပြန်လည်ခန့်အပ်သည့်နေ့အထိ ကာလအတွက် ရက်ပြည့်လုပ်သည့် နောက်ဆုံးထုတ်လစာ (OT မပါ ) နှုန်းဖြင့်တွက်ချက်၍ ထုတ်ပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၉၄/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် NEXSTAR GARMENT MANUFACTURING CO.,LTD၊ Mr.Cao Haidong(ပိုင်ရှင်)မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၆၉/၂၀၁၆)အား ကြားနာစစ်ဆေးမည့် အစိုးရ

ကိုယ်စားလှယ် ဦးအေးငွေ၊ အလုပ်ရှင် ကိုယ်စားလှယ် ဦးသန်းမောင်၊ အလုပ်သမား ကိုယ်စားလှယ် ဦးနေမင်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** အလုပ်မှရပ်စဲခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့်။

**လေ့လာတွေ့ရှိချက်အမှတ်(၁)**

၇။ ဤအငြင်းပွားမှုမှ NEXSTAR အထည်ချုပ်စက်ရုံ၊ ပိုင်ရှင်က အလုပ်သမားဖြစ်သူ ဒေါ်နှင်းလဲ့သူ (စက်ချုပ်)ကို အလုပ်မှထုတ်ပယ်ခဲ့ရာမှ စတင်ခဲ့ပါသည်။ လှိုင်သာယာမြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ဖျန်ဖြေပေးခဲ့သော်လည်း၊ ဒေါ်နှင်းလဲ့သူအား အလုပ်ပြန်လည်ခန့်ထားရေးကိစ္စနှင့်စပ်လျဉ်း၍အလုပ်သမား၊အလုပ်ရှင်တို့ပြေငြိမ်းမှုမရရှိခဲ့ပေ။ထို့ကြောင့် ထိုအငြင်းပွားမှုကို ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့တင်ပြခဲ့ရသည်။

၈။ သို့ဖြစ်ရာ ရှေ့ပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်ခဲ့သော်လည်း၊အလုပ်ရှင်ဖြစ်သူကမကျေနပ်သည့်အတွက်ခုံသမာဓိကောင်စီသို့ ဆက်လက်တင်ပြခဲ့ခြင်းဖြစ်ပေသည်။

၉။ ခုံသမာဓိကောင်စီက အငြင်းပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ညှိနှိုင်းဖျန်ဖြေချိန်မှ အစပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့တွင် စစ်ဆေးဆုံးဖြတ်သည့်အချိန်အထိ နှစ်ဖက်ထွက်ဆိုချက်များကို လေ့လာခဲ့သည်။ ဒေါ်နှင်းလဲ့သူနှင့် စပ်လျဉ်း၍ အလုပ်ရှင်၏စွပ်စွဲပြောကြားချက်များမှာ ၎င်းသည် စက်ရုံမှူး၊ မန်နေဂျာ၊ Super စသည့် အထက်လူကြီးများကို မလေးမစားဆက်ဆံခြင်း၊ လုပ်ငန်းခွင်အေးချမ်းသာယာမှုပျက်ပြားအောင် စည်းရုံးလှုံ့ဆော်ခြင်း၊ အလုပ်သမားများ အလုပ်မလုပ်ဘဲထိုင်နေအောင် စည်းရုံးလှုံ့ဆော်ခြင်း၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို ဂရုစိုက်

အောင်သောင်ရွှက်မှုလုံးဝမရှိခြင်း စသည့်အဖြစ်များကြောင့် အလုပ်မှထုတ်ပယ်ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

၁၀။ အလုပ်သမားဖြစ်သူ၏တင်ပြချက်တွင် အလုပ်ရှင်က သူမအား ကျွမ်းကျင်မှုမရှိသေးသည့် Point အသစ်တွင်တာဝန်ပေးပြီး၊ ၎င်းတို့လိုချင်သောစံချိန်ကို မထုတ်နိုင်ဟုဆိုကာ အလုပ်မှ မတရားထုတ်ပယ်ခြင်းဖြစ်ပါကြောင်း၊ အလုပ်သမားများကို အလုပ်မလုပ်ရန်စည်းရုံးလှုံ့ဆော်ခြင်း ဆိုသည်မှာ မမှန်ကန်ပါ၊ ကျွန်မသည် အခြေခံအလုပ်သမားအဖွဲ့အစည်းတွင် အမှုဆောင်အဖြစ် ပါဝင်သည့်အတွက် လုပ်ခကိစ္စအလုပ်ရှင်ထံဆွေးနွေးတောင်းဆိုရာ၌ မပြေလည်သည့်အတွက် အလုပ်သမားသမဂ္ဂသို့ သွားရောက်တင်ပြညှိနှိုင်းရန်ကိစ္စအတွက် သက်ဆိုင်ရာ Line သို့ သွားရောက်အသိပေးပြောဆိုခြင်းမျှသာဖြစ်ပါကြောင်း၊ ထိုကိစ္စများအတွက် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များကို ခွင့်တောင်းခြင်းမပြုဟုဆိုကာ သတိပေးဝမ်တိန်(Warning) ထိုးခိုင်းကြောင်း၊ ကျွန်မက ၎င်းတို့ထိုးခိုင်းသော ဝမ်တိန်ကို မထိုးထားပါကြောင်း၊ အပြစ်ကျူးလွန်ခြင်းမဟုတ်၍ မထိုးခြင်းဖြစ်ပါကြောင်း ထွက်ဆိုပြောကြားခဲ့ပါသည်။

**သုံးသပ်ချက်အမှတ်(၁)**

၁၁။ အလုပ်ရှင်က အလုပ်သမားဖြစ်သူအား အလုပ်မှထုတ်ပယ်သည့်ကိစ္စတွင် အပြစ်ရှိသည်ဟု ဖော်ပြရာ၌ နှုတ်ဖြင့်သတိပေးမှုမှတ်တမ်းကို မတွေ့ရှိရဘဲ၊ အလုပ်သမားက ကျူးလွန်သည့်ပြစ်မှု ကို အမည်တပ်ဖော်ပြ၍ ဒုတိယအကြိမ် ဝန်ခံကတိခေါင်းစဉ်ပါကို (၆-၇-၂၀၁၆)ရက်နေ့၊ တတိယ အကြိမ်ဝန်ခံကတိကို (၂၆-၇-၂၀၁၆)ရက်နေ့၊ စတုတ္ထအကြိမ် ဝန်ခံကတိကို (၂၇-၇-၂၀၁၆)ရက်နေ့ စသဖြင့် တစ်ဆက်တည်းဆိုသလို သတိပေးမှုများကို တွေ့ရှိရသည်။

၁၂။ အထက်ပါဝန်ခံကတိများကို လေ့လာကြည့်ရာ၌လည်း (၆-၇-၂၀၁၆)ရက်စွဲပါ ဝန်ခံကတိ တွင်မန်နေဂျာ၊အလုပ်ရှင်ကိုယ်စားလှယ်(၂)ဦး၊အလုပ်သမားကိုယ်စားလှယ်(၂)ဦးတို့က လက်မှတ် ရေးထိုးထားပြီး၊ (၂၆-၇-၂၀၁၆)ရက်စွဲပါ ဝန်ခံကတိတွင် စက်ရုံမှူး၊ ဌာနအုပ်ချုပ်သူနှင့် အသိ သက်သေ ဒေါ်သက်ရည်ဝင်းနှင့် ဒေါ်ကလျာဝင်းတို့ (၂)ဦးက လက်မှတ်ရေးထိုးထားပြီး၊ အလုပ် သမား ကိုယ်စားလှယ်များ၏ လက်မှတ်တစ်စုံတစ်ရာရေးထိုးထားခြင်းမရှိကြောင်း တွေ့ရှိရ

သည်။ တစ်ဖန် (၂၇-၇-၂၀၁၆)ရက်စွဲပါ ဝန်ခံကတိတွင်မူ စက်ရုံမှူးနှင့် ဌာနအုပ်ချုပ်သူတို့၏ လက်မှတ်သာပါရှိပြီး၊ အလုပ်သမားကိုယ်စားလှယ် အသိသက်သေတို့၏ လက်မှတ်များလည်း မပါရှိပေ။ ထို့ကြောင့် အလုပ်သမားတစ်ဦး၏ အပြစ်နှင့်ပတ်သက်ပြီး၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူလုပ်ဆောင်ရာတွင်လည်း တစ်သမတ်တည်းဖြစ်သည့် စနစ်ပုံစံလည်းမရှိပေ။

၁၃။ အလုပ်သမား၏ အပြစ်များဖော်ပြ၍ အရေးယူဆောင်ရွက်ရာတွင်လည်း တစ်လအတွင်း (၃)ကြိမ်ဆက်တိုက် လုပ်ဆောင်ထားသည်ကို တွေ့ရှိရပြီး၊ နှုတ်ဖြင့်တရားဝင်သတိပေးသည့် စီမံရေးရာမှတ်တမ်းကို မတွေ့ရှိရပေ။ သတိပေးပြီးပါက စီမံရေးရာမှတ်တမ်းတွင် ရက်စွဲ၊ အချိန်၊ အပြစ်များသည့် အကြောင်းအရာ၊ နှုတ်ဖြင့် သတိပေးကြောင်း၊ သိရှိသူသက်သေတို့၏ မှတ်တမ်း ထားရှိရန်လိုအပ်ပေသည်။ ယခုအငြင်းပွားမှု၌ အလုပ်ရှင်က တင်ပြထားသည့် အထောက်အထား များတွင် ထိုသို့သော စနစ်ကျသည့် အထောက်အထားသက်သေခံစာရွက်စာတမ်းများမပါရှိပေ။ အလုပ်သမား ဒေါ်နှင်းလဲ့သူအား အလုပ်ရှင်က တမင်ကြံရွယ်ချက်ဖြင့် အလုပ်မှထုတ်ပယ်လိုသည့် သဘော သက်ရောက်နေပေသည်။

၁၄။ အလုပ်ရှင်ကအလုပ်သမားဖြစ်သူအားအလုပ်မှထုတ်ပယ်မည်ဆိုပါက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်ညီရပေမည်။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အငြင်း ပွားမှုတစ်ရပ်နှင့်စပ်လျဉ်း၍ ဥပဒေရေးရာရှုထောင့် (Point of Law) နှင့် အချက်အလက်ပိုင်းဆိုင် ရာရှုထောင့်(Point of Facts)များအပြင်၂၀၁၂ခုနှစ်၊အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ၊ပုဒ်မ၂၃(က)ဖြင့် အပ်နှင်းထားသည့်တာဝန်များအရ လူမှုရေးတရားမျှတမှုရှုထောင့်၊ သင့်တော်ကောင်းမွန်သည့် အလုပ်ပိုင်းဆိုင်ရာရှုထောင့်၊ သာတူညီမျှမှုရှုထောင့် စသည့်ရှုထောင့် များမှ စဉ်းစားသုံးသပ်ရမည်ဖြစ်သည့်ပြင် ဘက်လိုက်မှုကင်းရှင်းစွာဆုံးဖြတ်ပေးရန် တာဝန်ရှိပေ သည်။

၁၅။ အလုပ်ရှင်က မည်သို့ပင်အလုပ်သမား၏လုပ်ဆောင်မှုများကို ဖော်ပြထားသည်ပင်ဆိုစေ ကာမူ၊ အရေးယူလုပ်ဆောင်မှုများသည် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်ပြည့်စုံ

ညှိနှိုင်းတ်ခြင်းမရှိပါက အလုပ်ရှင်၏ အရေးယူလုပ်ဆောင်မှုသည် မှန်ကန်သည်၊ တရားမျှတသည်ဟူ၍ သတ်မှတ်နိုင်မည်မဟုတ်ပေ။

၁၆။ အလုပ်သမားဖြစ်သူအနေဖြင့်လည်း အလုပ်ထုတ်နစ်နာကြေး ရယူလိုသည့်ဆန္ဒမရှိ၊ မိမိမူလအလုပ်တွင်သာပြန်လည်လုပ်ကိုင်လိုကြောင်း၊တင်ပြလျှောက်ထားခဲ့သည်။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ရှေ့မှောက်တွင်လည်း ထိုအချက်ကိုပင် ထွက်ဆိုတင်ပြခဲ့သည်ကိုတွေ့ရှိရသည်။

၁၇။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အနေဖြင့် အခါအခွင့်သင့်၍ မှတ်ချက်ပြုလိုသည်မှာ စက်ရုံ/အလုပ်ရုံ၊ လုပ်ငန်းဌာနများတွင် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေတွင် သတ်မှတ်ပါရှိသည့် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (Workplace Coordination Committee) ကို စနစ်တကျဖွဲ့စည်းဆွေးနွေးလုပ်ဆောင်ခြင်း မပြုကြသည့်အတွက် မလိုအပ်ဘဲအငြင်းပွားမှုများဖြစ်ပေါ်နေသည့်အချက်ကို ထောက်ပြလိုပေသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အထက်ပါသုံးသပ်ရရှိချက်များအရ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၉၄/၂၀၁၆) အပေါ်၊ ၃၁-၈-၂၀၁၆ ရက်နေ့ ဖြင့်ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို အတည်ပြုသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

ဦးသန်းမောင်
အဖွဲ့ဝင်

ဦးအေးငွေ
ဥက္ကဋ္ဌ

ဦးနေမင်း
အဖွဲ့ဝင်